EMReF Enlightened Myanmar Research Foundation ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်းမှ စုစည်းတင်ပြသည်။

# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

အတွဲ(၃)၊ အမှတ်-၈၈

အောက်တိုဘာ ၁ ရက်၊ ၂၀၁၉

# ဝန်ကြီးဌာန၏ အနာဂတ်ရည်မှန်းချက်ကို မဖြေကြားခဲ့သည့်အပေါ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဝေဖန်

**စက်တင်ဘာ ၂၆၊ ၂၀၁၉**

ဝန်ကြီးဌာန၏ အနာဂတ်ရည်မှန်းချက်နှင့် ဌာနလုပ်ဆောင်ချက်များ မေးမြန်းခဲ့ရာတွင် မွန်ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေပုဒ်မ ၁၀၄ အရ ဝန်ကြီးက မဖြေကြားနိုင်ကြောင်း ပြောဆိုခဲ့သည့်အပေါ် ပေါင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဇော်ထူးက ဝေဖန်ပြောဆိုလိုက်သည်။

"ကျွန်တော်မေးခွန်း ၃ ခုမေးတယ်။ ဌာနရည်မှန်းချက်က ဘာလဲ၊ ဘာတွေလုပ်နေလဲ၊ အနာဂတ်မှာ ဘာတွေလုပ်ဆောင်မလဲ ပုဒ်မ ၁၄၀ နဲ့ငြိတယ်ဆိုပြီး ဝန်ကြီးက မဖြေဘူးလို့ ဖြေတယ်။ အစိုးရဟာ ဝန်ကြီးဌာနတစ်ခုဖွဲ့မယ်ဆိုရင် ရည်မှန်းချက်၊ ရည်ရွယ်ချက်ရှိပါတယ် ။ အဲဒါတွေမရှိဘဲနဲ့တော့ မဖွင့်ပါဘူး ။ ဒါကိုမေးတာကို ဝန်ကြီးက သူ့ဆီ စာမရောက်လို့ မဖြေဘူးဆိုတာကတော့ လက်ခံလို့မရပါဘူး"ဟု ပေါင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဇော်ထူးကပြောသည်။

စက်တင်ဘာလ ၂၅ ရက်နေ့က ကျင်းပခဲ့သည့် ၁၄ ကြိမ်မြောက် မွန်ပြည်နယ်လွှတ်တော်ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)တွင် ပေါင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဇော်ထူး၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်အောင် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးရန်နှင့် လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဝန်ကြီးဌာန၏ လုပ်ငန်းများကို သိရှိလိုသောမေးခွန်း မေးမြန်းခဲ့ခြင်း ဖြစ်သည်။

မွန်ပြည်နယ်အစိုးရအဖွဲ့ဝင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးထွန်းမင်းအောင်က "ဌာနရဲ့ရည်မှန်းချက် ဘယ်လောက်ထားလဲဆိုတော့ ရည်မှန်းချက်ဆိုတဲ့ စကားလုံးက (Future) အနာဂတ်မှာဖြစ်ချင်တဲ့ဟာကို ဆိုလိုခြင်းသာဖြစ်တယ်၊ အနာဂတ်မှာ ဘာတွေလုပ်ဆောင်သွားမလဲဆိုတာ၊ ဒါလည်း(Future)ကို မေးမြန်းခြင်းပဲဆိုတော့၊ ဒီမေးခွန်းနှစ်ခုမှာဆိုလို့ရှိရင် မွန်ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၄ အရ မဖြစ်ပေါ်သေးသောကိစ္စနဲ့ပတ်သက်ပြီး မည်ကဲ့သို့ ဆောင်ရွက်ခဲ့ကြောင်း ဖော်ပြမေးမြန်းခြင်းမပြုရဟု ဖော်ပြထားတဲ့အတွက် ဒီမေးခွန်းက မွန်ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေနဲ့ ငြိစွန်းတဲ့အတွက် ကျွန်တော့်အနေနဲ့ မဖြေကြားတော့ပါကြောင်း ရှင်းလင်းအပ်ပါသည်"ဟု ဖြေကြားခဲ့သည်။

ဆက်လက်ပြီး ဝန်ကြီးဌာနအသစ်ဖြစ်သည့်အတွက် အချို့တိုင်းနှင့်ပြည်နယ်များတွင် အစိုးရအဖွဲ့ မဖွဲ့ရသေးသဖြင့် ကျန်တိုင်းနှင့်ပြည်နယ်များတွင် အစိုးရအဖွဲ့ ဖွဲ့စည်းပြီးစီးသည့်အချိန်တွင်ပြည်ထောင်စုအစိုးရမှ ညှိနှိုင်းပြီးစီးပါက တိုင်းနှင့်ပြည်နယ်သို့ စာဖြင့် အကြောင်းကြားလာသည့်အခါတွင် ကိုယ်စားလှယ်မေးမြန်းထားသည့် အချက်နှစ်ချက်ကို လွှတ်တော်သို့ ပေးပို့သွားမည်ဟု ဝန်ကြီးက ပြောသည်။

**(ကိုးကား - www.facebook.com/MizzimaDaily)**

## သတင်းတို

- စက်တင်ဘာ ၂၃ ရက်နေ့က ကျင်းပခဲ့သည့် မွန်ပြည်နယ်လွှတ်တော်အစည်းအဝေးတွင် သထုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်ခိုင်လဲ့က တိုင်းရင်းသားလူမျိုးများ၏ စရိုက်လက္ခဏာများ မပျောက်ပျက်အောင် သန်းခေါင်စာရင်း၊ မှတ်ပုံတင်၊ နိုင်ငံသားစိစစ်ရေးကဒ်ပြား အစရှိသည့် မှတ်တမ်းမှတ်ရာတို့တွင် လူမျိုးနှင့်သက်ဆိုင်သည့်အခေါ်အဝေါ်များ ထည့်သွင်းရေးသားဖော်ပြပေးရန် အစီအစဉ် ရှိ/မရှိနှင့် ယခင်က မှားယွင်းစွာထည့်သွင်းဖော်ပြခံရသူများ ပြန်လည်ပြင်ဆင်ဖော်ပြပေးရန် အစီအစဉ် ရှိ/ မရှိ မေးမြန်းခဲ့ရာ တိုင်းရင်းသားလူမျိုးများ၏ အမည်နာမရှေ့တွင် လူမျိုးဝိသေသလက္ခဏာများ ထည့်သွင်းပေးသွားမည့်အပြင် ယခင်က မှားယွင်းစွာ ထည့်သွင်းဖော်ပြခံရသူများလည်း ပြန်လည်ပြင်ဆင်ပေးရန် ပြည်ထောင်စုသို့ အဆင့်ဆင့်တင်ပြသွားမည်ဟု မွန်ပြည်နယ်အစိုးရအဖွဲ့ဝင် လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးထွန်းမင်းအောင်က ဖြေကြားခဲ့သည်။

**(ကိုးကား - http://www.mizzimaburmese.com)**

# မွန်ပြည်နယ်အစိုးရအဖွဲ့ တင်ဒါမခေါ်ဘဲ ငွေကျပ် ၁၀ သန်းကျော် လုပ်ငန်း ၅ ခု ဆောင်ရွက်ခဲ့ကြောင်း ပြည်နယ်စာရင်းစစ်ချုပ် တင်ပြ

**စက်တင်ဘာ ၂၆၊ ၂၀၁၉**



**မွန်ပြည်နယ်စာရင်းစစ်ချုပ် လွှတ်တော်သို့ အစီရင်ခံ တင်ပြစဉ်။ (ဓာတ်ပုံ-MNA)**

မွန်ပြည်နယ်အစိုးရအဖွဲ့သည် ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ Mini Budget ကာလတွင် ငွေကျပ် ၁၀ သန်းကျော်သောလုပ်ငန်း ၅ ခုကို တင်ဒါမခေါ်ယူဘဲဆောင်ရွက်ခဲ့ကြောင်း မွန်ပြည်နယ်စာရင်းစစ်ချုပ်က ပြည်နယ်လွှတ်တော်အစည်းအဝေး၌ တင်ပြခဲ့သည်။

နိုင်ငံတော်သမ္မတ ညွှန်ကြားချက် တင်ဒါလုပ်ထုံးလုပ်နည်း ၁/၂၀၁၇ အရ ငွေကျပ် ၁၀ သန်းနှင့်အထက်လုပ်ငန်းများကို တင်ဒါခေါ်ရမည်ဖြစ်သော်လည်း အဆိုပါလုပ်ငန်း ၅ ခုကို တင်ဒါမခေါ်ဘဲ ဆောင်ရွက်ခဲ့ကြောင်း မွန်ပြည်နယ်စာရင်းစစ်ချုပ် ဒေါ်သိန်းသိန်းဦးက တင်ပြခဲ့ခြင်းဖြစ်သည်။

"လုပ်ငန်း (၅) ခုစလုံးမှာ ကျပ်သန်း (၁၀) ကျော်သော်လည်း တင်ဒါခေါ်ယူဆောင်ရွက်ခြင်းမရှိခဲ့ပါ။ လုပ်ငန်း ၃ ခုကို ပြည်နယ် အစိုးရအဖွဲ့ခွင့်ပြုချက်နဲ့ ကျေးလက်လမ်းဦးစီးဌာနက ဆောင်ရွက်ထားကြောင်း တွေ့ရှိရပါတယ်" ဟု ဒေါ်သိန်းသိန်းဦးက ဆိုသည်။

တင်ဒါမခေါ်ယူဘဲ ဆောင်ရွက်သောလုပ်ငန်း (၅) ခုအနက် ရေးမြို့နယ်ရှိ အောင်သပြေ - နစ်ကရင် ကွန်ကရစ်ခင်းခြင်းနှင့် ပေါင်မြို့နယ်ရှိ ညောင်ကုန်ကြီး- ထန်းပင်ချောင်း လေးလမ်းကတ္တရာခင်းခြင်းအတွက် ကုမ္ပဏီ ၂ ခုကို လုပ်ကိုင်ခွင့်ပေးခဲ့ပြီး ကျန်လုပ်ငန်း ၃ ခုကို ကျေးလက်လမ်းဦးစီးဌာနကို ဆောင်ရွက်စေခဲ့သည်ဟု ဆိုသည်။

ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် (၁၄) ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် မွန်ပြည်နယ်၏ ၂၀၁၈ ခုနှစ်(ဧပြီလမှ စက်တင်ဘာလအထိ) အရအသုံး ခန့်မှန်းခြေငွေစာရင်း စစ်ဆေးတွေ့ရှိချက်၊ ဝန်ကြီးဌာနတချို့၏ ထူးခြားသော စစ်ဆေးတွေ့ရှိချက်များနှင့်စပ်လျဉ်းသော အစီရင်ခံစာအား မွန်ပြည်နယ်စာရင်းစစ်ချုပ်က မွန်ပြည်နယ်လွှတ်တော်သို့ တင်ပြခဲ့ခြင်းဖြစ်သည်။

သို့သော် ကျိုက်ထီးရိုးအမှိုက်ဖျက်စက်တည်ဆောက်သည့်လုပ်ငန်းတွင် ပြည်နယ်စာရင်းစစ်ချုပ်၏တွေ့ရှိချက်နှင့် လွှတ်တော်မှရရှိထားသောအချက်အလက်များ ကွဲလွဲနေကြောင်း မွန်ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဒေါက်တာအောင်နိုင်ဦးက ထောက်ပြသည်။

"၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ အစိုးရအဖွဲ့ရဲ့ ငွေလုံးငွေရင်းခေါင်းစဉ်အောက်မှာ ကျပ်သန်း ၄၀၀ ကျိုက်ထီးရိုး အမှိုက်ဖျက်ဆီးစက် တည်ဆောက်မယ်ဆိုတာ အသင့်ပါပြီးသား၊ ဒီနေရာမှာတော့ အစိုးရအဖွဲ့ ၂၄၂ သန်းနဲ့ ဘုရားဂေါပကရန်ပုံငွေက ၂၄၂ သန်းဆိုပြီး တော့ဖော်ပြတာ ဒါကလွဲနေပြီလို့ ကျွန်တော်ယူဆတယ်"ဟု ဒေါက်တာအောင်နိုင်ဦးက လွှတ်တော်အစည်းအဝေး၌ တင်ပြခဲ့သည်။

ပြည်နယ်စာရင်းစစ်ချုပ်၏ အစီရင်ခံစာပါ တင်ဒါမခေါ်ဘဲ လုပ်ငန်း ၅ ခုဆောင်ရွက်ခဲ့သည့်အပေါ် မွန်ပြည်နယ်အစိုးရအဖွဲ့မှ တစ်စုံတစ်ရာ ပြန်လည်ချေပပြောဆိုခြင်းမရှိသလို ကောင်းမွန်သော အစီရင်ခံစာဖြစ်ကြောင်း အစိုးရဝန်ကြီးတစ်ဦးက မှတ်ချက်ပြု၍ ပြည်နယ်လွှတ်တော်တွင် မှတ်တမ်းတင်ခဲ့သည်။

**(ကိုးကား - မွန်သတင်းအေဂျင်စီ)**

## သတင်းတို

● လက်ရှိကျင်းပနေ သော ရခိုင်ပြည်နယ်လွှတ်တော် အစည်းအဝေးတွင် အတည်ပြုခဲ့သည့်အဆိုများကို အစိုးရက လျင်မြန်စွာ အကောင်အထည်ဖော်ပေးရန် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အများစုက တောင်းဆိုထားကြောင်းသိရသည်။ အတည်ပြုထားသောအဆိုများတွင် တပ်မတော်နှင့် ရခိုင်လက်နက်ကိုင်အဖွဲ့(AA)တို့ ဖြစ်ပွားနေသည့်တိုက်ပွဲကြောင့် အရပ်သားများထိခိုက်မှုရှိခြင်းကို အစိုးရကလိုအပ်သော စီမံခန့်ခွဲမှုပြုလုပ်ပေးရေး အဆို၊ ရခိုင်ပြည်နယ်တွင် လတ်တလော ဖြစ်ပွားနေသည့် တိုက်ပွဲများကြောင့် လက်နက်ကြီး အမြောက်ဆန်၊ လက်နက်ငယ်ကျည်ထိမှန်၍ တိုက်ပွဲနှင့် မသက်ဆိုင်သည့် အရပ်သားပြည်သူများ ထိခိုက်ဒဏ်ရာရမှု၊ သေဆုံးမှုများနှင့် ပတ်သက်၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ဦးဆောင်ကာ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ လူမှုအဖွဲ့အစည်းများမှ လူပုဂ္ဂိုလ်များပါဝင်သည့် လေ့လာစုံစမ်းရေးအဖွဲ့ ဖွဲ့စည်း၍ လေ့လာစုံစမ်းမှုများ ပြုလုပ်ရန် ရခိုင်ပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း အဆို၊ တိုက်ပွဲများအတွင်း ပါဝင်တိုက်ခိုက်နေသည့် အဖွဲ့အစည်းများအနေဖြင့် ရှေးဟောင်း ယဉ်ကျေးမှု အဆောက်အအုံများ၊ ဘာသာရေး အဆောက်အအုံများ၊ လူနေကျေးရွာရပ်ကွက်များနှင့် အများပြည်သူဆိုင်ရာနေရာများကို အကာအကွယ်ယူ၍ ပစ်ခတ်တိုက်ခိုက်မှုများ မပြုလုပ်ရေး ရခိုင်ပြည်နယ်အစိုးရအဖွဲ့က စီမံဆောင်ရွက်ပေးသင့်ကြောင်းအ ဆိုတို့ ပါဝင်သည်။

**(ကိုးကား - https://7daydaily.com)**



**သတင်းဓာတ်ပုံ** ကျပ်ခြောက်ဘီလီယံကျော် အကုန်အကျခံ၍ ၁၈ လ ကြာ တည်ဆောက်ခဲ့သည့် မကွေးတိုင်းဒေသကြီးလွှတ်တော် အဆောက်အအုံသစ်ကို စက်တင်ဘာလ ၂၇ ရက်နေ့က ဖွင့်လှစ်ခဲ့သည်။ **(ဓာတ်ပုံ - သန်းနိုင်ဦး-ငဖဲ)**
**(ကိုးကား - https://7daydaily.com)**

# သဖန်းဆိပ်ဆည် ရေနည်းပါးချိန် ရေပေးဝေနိုင်ရေး စီမံချက်များ ရေးဆွဲနေဟုဆို

**စက်တင်ဘာ ၂၈၊ ၂၀၁၉**

သဖန်းဆိပ်ဆည်ရေနည်းပါးချိန် ရေပေးဝေနိုင်ရေးစီမံချက်များ ရေးဆွဲနေကြောင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကမ်ဇာမုံက ပြောသည်။

စက်တင်ဘာ ၂၇ ရက် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် အစည်းအဝေးတွင် တိုင်းလွှတ်တော်ကိုယ်စားလှယ် ဦးဝဏ္ဏ (အရာတော်-၂) ၏ တိုင်းဒေသကြီးအစိုးရအနေဖြင့် ဒေသအတွင်း ရေအရင်းအမြစ် ရရှိနိုင်သည့်နေရာများ၌ တောင်သူများအား အသိပညာပေးခြင်းနှင့် နည်းပညာပေးခြင်း ဖြင့် ကူညီဖြေရှင်းပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်ပတ်သက်၍ ဦးကမ်ဇာမုံက ပြန်လည်ဖြေကြားသည်။

"သဖန်းဆိပ်ရေလှောင်တမံနဲ့ ကင်းတပ်ရေလွှဲဆည်အကြား၊ ကင်းတပ်ရေလွှဲဆည်နဲ့ ကာဘိုးရေလှောင်တမံအကြား ရေဆင်း ဧရိယာများမှာ မိုးရွာသွန်း၍ ချောင်းရေဝင်ရောက်လာခြင်း၊ ဆည်ရေသောက်ဧရိယာတွင် မိုးရွာသွန်းမှုရလာပါက သဖန်းဆိပ်ရေလှောင်တမံကို လက်ရှိဆည်ရေထက်လျှော့ချ၍ စုဆောင်းပြီး ရေပေးဝေနိုင်ရေးအတွက် စီမံချက်များ ရေးဆွဲဆောင်ရွက်နေပါတယ်"ဟု ဦးကမ်ဇာမုံကပြောသည်။ဆည်မြောင်းနှင့်ရေအသုံးချရေးဦးစီးဌာနက ဆည်ရေ လေလွင့်ဆုံးရှုံးမှုမရှိရေး စနစ်တကျသုံးစွဲနိုင်ရန် ဒေသခံတောင်သူများကို အသိပညာပေးဆောင်ရွက်နေပြီး စိုက်ပျိုးရေးဦးစီးဌာနက ရေကိုအခြေခံ၍ အစိုတစ်လှည့်၊ အခြောက်တစ်လှည့် စိုက်ပျိုးရေးနည်းပညာများ ပညာပေးခြင်း၊ ရေလိုအပ်ချက်နည်းပြီး အ ထွက်နှုန်းကောင်းသည့် စပါးမျိုးများ စိုက်ပျိုးရေး ပညာပေးခြင်း၊ တိုက်ရိုက်မျိုးစေ့ချစက်များ ငှားရမ်းပေးခြင်း၊ စပါးအစား ဈေးကွက်ဝင် အခြားသီးနှံများ စိုက်ပျိုးခြင်း စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နေကြောင်း ဦးကမ်ဇာမုံက ပြောသည်။

ဦးဝဏ္ဏက ကင်းတပ်ရေလွှဲဆည်၊ ကာဘိုးရေလွှဲဆည်မှ ဆည်ရေသောက်ရသည့် စပါးစိုက်ခင်းအချို့သည် မိုးရေဖြင့် စိုက်ပျိုးနိုင်သော်လည်း အချို့ကြိုတင်ပြင်ဆင်မှုမရှိ၍ စိုက်ပျိုးနိုင်ခြင်းမရှိခဲ့ကြောင်း ဦးဝဏ္ဏက လွှတ်တော်သို့ တင်ပြသည်။

သဖန်းဆိပ်ရေလှောင်တမံ ဆည်ရေသောက်ဧရိယာတွင် ပါဝင်သော ကင်းတပ်ရေလှောင် တမံသည် မိုးစပါးစိုက်ဧက ငါး သိန်းခန့်ကို နှစ်စဉ် စိုက်ပျိုးရေ ပေးဝေနိုင်ပြီး ယခုနှစ်၌ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ် နေရာအနှံ့ဖြစ်ပေါ်မှုကြောင့် သဖန်းဆိပ်ရေလှောင်တမံ၏ ရေဆင်းဧရိယာများဖြစ်သည့် ကောလင်း၊ ဝန်းသို၊ ပင်လည်ဘူး၊ ဗန်းမောက်မြို့နယ်တို့တွင် မိုးခေါင်မှု ရင်ဆိုင်နေရကြောင်း၊ သဖန်းဆိပ်ဆည် တည်ဆောက်ပြီးချိန်မှ လက်ရှိအချိန်ထိ (၁၉) နှစ်အတွင်း ပျမ်းမျှမိုးရေချိန်၏ လေးပုံတစ်ပုံပြည့်မီအောင် ရွာသွန်းမှုမရှိသေးကြောင်း ဦးကမ်ဇာမုံကပြောသည်။ **(ကိုးကား-https://7daydaily.com)**